

# မြို့ပြလုံခြုံမှုဆိုင်ရာ စီမံကိန်း
# မှုခင်းကာကွယ်ရေး
# နောက်ခံအချက်အလက်များစာတမ်း


Stephen Otter
တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြီးတန်း အကြံပေး



The Asia Foundation
Improving Lives, Expanding Opportunities

## မြို့ပြလုံခြုံမှုဆိုင်ရာ စီမံကိန်း

# မှုခင်းကာကွယ်ရေး နောက်ခံအချက်အလက်များစာတမ်း

စတီဖဲင် အော်တာ
တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြီးတန်း အကြံပေး

မတ်လ ၂၀၁၇

# အာရှဖောင်ဒေးရှင်း နှင့် မြို့ပြလုံခြုံမှုဆိုင်ရာ စာတမ်းတိုများအကြောင်း

အာရှဖောင်ဒေးရှင်းသည် တိုးတက်ဖွံ့ဖြိုးနေသည့် အာရှတိုက်တစ်ဝှမ်းရှိ လူမှုဘဝများတိုးတက်စေရန် အစဉ်ကြိုးပမ်းနေသည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည်။ ခြောက်ရာစုနှစ်ကြာအတွေ့အကြုံနှင့် ဒေသန္တရကျွမ်းကျင်မှုဖြင့် အာရှဖောင်ဒေးရှင်း၏ ပရိုဂရမ်များသည် အုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းရည်မြှင့်တင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစရှိသည့် ၂၁ ရာစုနှစ်တွင် အာရှတိုက်ကို သက်ရောက်မှုရှိနေသည့် အဓိကပြဿနာများကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာရှတိုက်အတွက် ထုတ်ဝေထားသည့် အာရှဖောင်ဒေးရှင်း၏ စာအုပ်များနှင့် အတတ်ပညာဆိုင်ရာဖလှယ်မှုများသည်လည်း အာရှတိုက်အနေဖြင့် ကမ္ဘာပေါ်တွင် ဆက်လက်ဖွံ့ဖြိုးပြီး ငြိမ်းချမ်း၍ တရားမျှတသောဒေသအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရန်အတွက် အားပေးကူညီမှုပြုသည့် နည်းလမ်းများပင်ဖြစ်သည်။ အာရှဖောင်ဒေးရှင်းသည် အာရှနိုင်ငံ ၁၈ နိုင်ငံရှိ ရုံးများနှင့် ဝါရှင်တန်ဒီစီရှိရုံးများ ကွန်ယက်ဖွဲ့ လုပ်ဆောင်နေခြင်းဖြစ်သည်။ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ပါတနာအဖွဲ့အစည်းများနှင့် အတူတကွလုပ်ဆောင်ခြင်းဖြင့် အာရှဖောင်ဒေးရှင်းသည် နှစ်ဦးနှစ်ဖက်နှင့် ဘက်ပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအေဂျင်စီများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများနှင့် တသီးပုဂ္ဂလများစသည့် မတူကွဲပြားသော အုပ်စုတို့မှ ထောက်ပံ့ငွေများ ရရှိပါသည်။

မြို့ပြလုံခြုံရေးစာတမ်းတိုများသည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့်ရှိ မြန်မာမူဝါဒချမှတ်ရေးဆွဲသူများနှင့် အခြားသော စိတ်ပါဝင်စားသည့် ကဏ္ဍပေါင်းစုံမှ ပါဝင်ပက်သက်သူများကို မြန်မာနိုင်ငံရှိ မြို့ပြနေရာများတွင် အများပြည်သူဘေးကင်းလုံခြုံရေးအတွက် အသုံးချနိုင်သော (သို့) ပြုပြင်ပြောင်းလဲ၍ အသုံးပြုနိုင်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းသာဓကများနှင့် သရုပ်ခွဲခြင်းကို ပံ့ပိုးထောက်ပံ့ပေးရန် ရည်ရွယ်သည်။ အာရှဖောင်ဒေးရှင်းတွင် မြို့ပြအုပ်ချုပ်မှုနှင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် မူဝါဒရေးရာ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေခြင်း အစီအစဉ်များရှိပါသည်။ ဤမြို့ပြလုံခြုံရေး စာတမ်းတိုများသည် ထိုလုပ်ငန်းများကို အထောက်အကူပြုသည့် စာတမ်းများဖြစ်သည်။ ဤစာတမ်းတိုများပြုစုရန်အတွက် ယူကေအစိုးရမှ ထောက်ပံ့ထားပါသည်။ ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် စာတမ်းပြုစုရေးသားသူများ၏ အတွေးအမြင်များသာဖြစ်ပြီး ယူကေအစိုးရ သို့မဟုတ် အာရှဖောင်ဒေးရှင်းအား ကိုယ်စားပြုခြင်း မရှိပါ။

## ကျေးဇူးတင်လွှာ

စာတမ်းပြုစုရေးသားသူမှ ဤစာတမ်းတစ်ခုချင်းစီပြင်ဆင်ရာတွင် အကူအညီပေးခြင်း၊ စာတမ်းရေးသားပြုစုသည့် လုပ်ငန်းစဉ်တွင် အချိန်နှင့် အကြံဉာဏ်များ ပေးခဲ့ခြင်းတို့အတွက် Lucian Harriman ကို ကျေးဇူးတင်လိုပါသည်။

## စာတမ်းပြုစု ရေးသားသူအကြောင်း

Stephen Otter သည် မြို့ပြလုံခြုံရေးစီမံကိန်းအတွက် အာရှဖောင်ဒေးရှင်းမှခန့်အပ်ထားသည့် အကြီးတန်း တရားဥပဒေစိုးမိုးရေး အကြံပေးဖြစ်ပါသည်။ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်းတွင် စတီဖဲင်အော်တာသည် လန်ဒန် မြို့တော် ရဲတပ်ဖွဲ့၊ နိုင်ငံအဆင့် ရာဇဝတ်မှုအေဂျင်စီ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗြိတိသျှနိုင်ငံရပ်ခြားဒေသများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စသည်တို့တွင် စစ်ဆေးရေးနှင့် ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘုရင်မကြီးမှခန့်အပ်ထားသည့် ရဲတပ်ဖွဲ့မှ စစ်ဆေးရေးအရာရှိတစ်ဦးဖြစ်သည်။ ထိုအချိန်မတိုင်မီတွင် စတီဖဲင် အော်တာသည် ဒီဗွန်နှင့် ကွန်းဝေါမြို့ရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်ခဲ့ပြီး ယူကေရှိ ရဲတပ်ဖွဲ့ဝင်အကြီးအကဲများ အသင်း အဖွဲ့အတွက် တရားမျှတမှု၊ ကွဲပြားခြားနားမှုနှင့် လူ့အခွင့်အရေးတို့တွင် ဦးတည်လျက် ရဲဝန်ထမ်းပေါင်း ၆၀၀၀ ကို ဦးဆောင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် စတီဖဲင်အော်တာသည် ဘုရင်မကြီး၏ ရဲဝန်ထမ်း ဆုတံဆိပ်တော်ကို လက်ခံ ရရှိခဲ့ပါသည်။ သူသည် London School of Economics မှ ရာဇဝတ်မှုဥပဒေဆိုင်ရာ မူဝါဒအထူးပြုဖြင့် မဟာဘွဲ့ ရရှိခဲ့ပြီး ကမ်းဘရစ်ချ်တက္ကသိုလ်မှ ပြစ်မှုဗေဒအထူးပြုဖြင့် ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့သည်။

# မာတိကာ


၁။ နိဒါန်း ............................................................ ၁

၂။ မှုခင်းကာကွယ်ရေး၏ ပုံစံတစ်ခု ............................................................ ၂

၃။ မြို့ပြဒေရိယာများတွင် မှုခင်းကာကွယ်ရေး နည်းလမ်းများ ............................................................ ၂
　၃.၁။ ပြဿနာအားဖြေရှင်းခြင်း ............................................................ ၂
　၃.၂။ ထပ်မံကျူးလွန်ခံရခြင်း ............................................................ ၆
　၃.၃။ ပြစ်မှုထပ်မံကျူးလွန်မှုကို လျော့ချခြင်း ............................................................ ၇
　၃.၄။ တရားဝင်ဖြစ်ခြင်း နှင့် အများပြည်သူမှ ပူးပေါင်းဆောင်ရွက်မှု ............................................................ ၈
　၃.၅။ နိုင်ငံတော်အဖွဲ့အစည်းများနှင့် နိုင်ငံသားများအကြား အပြန်အလှန်ဆွေးနွေးခြင်း ............................................................ ၉
　၃.၆။ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အေဂျင်စီပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ............................................................ ၁၀

၄။ နိဂုံး ............................................................ ၁၂

နောက်ဆက်တွဲ(က) ............................................................ ၁၃

နောက်ဆက်တွဲ (ခ) ............................................................ ၁၄

## ၁။ နိဒါန်း

မြန်မာနိုင်ငံမှ ပြည်သူများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အကျိုးခံစားနိုင်စေရန်အလို့ငှာ အာရှဖောင်ဒေးရှင်း (TAF) ၏ မြို့ပြဘေးကင်းလုံခြုံရေးစီမံကိန်းတွင် အောက်ဖော်ပြပါအကျိုးကျေးဇူး (၃) မျိုးအား အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်များ ထည့်သွင်းထားပါသည်။ ယင်းတို့မှာ -

၁။ မြို့နယ်အဆင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများသည် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရပ်ရွာဦးစားပေးအရာများအား ပိုမိုသိရှိနားလည်လာခြင်း။

၂။ ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အရည်အသွေးများ မြင့်မားလာပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ တိုးတက်လာခြင်း။

၃။ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် နိုင်ငံတော်အဆင့် အစိုးရဌာနများရှိ တာဝန်ရှိသူများအကြား၊ ဌာနအချင်းချင်းနှင့် ပညာရှင်များ၏ မူဝါဒဆိုင်ရာ ဆွေးနွေးခြင်းများနှင့် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ အလေ့အကျင့်များ ခိုင်မာလာစေခြင်း တို့ဖြစ်ပါသည်။ [1]

ဤစီမံကိန်းအတွက် စီမံချက်ရေးဆွဲခြင်းအား ပံ့ပိုးရာတွင် အထက်ပါရလဒ်များအား ရရှိစေရန်အတွက် မှုခင်းကာကွယ်ရေးနည်းလမ်းများအား မည်သို့ထိရောက်စွာ အသုံးပြုနိုင်သည့်အကြောင်း နောက်ခံအချက်အလက်များဆိုင်ရာ စာတမ်းရေးဆွဲရန် အာရှဖောင်ဒေးရှင်းမှ ၎င်း၏ အကြီးတန်းတရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြံပေးအား တာဝန်ပေးခဲ့ပါသည်။ ၎င်းတွင် နိုင်ငံတော်လုံခြုံမှုနှင့် ဤမြို့ပြလုံခြုံမှုဆိုင်ရာ ကြိုးပမ်းမှုတွင် ပါဝင်မည့် လုံခြုံရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ တရားဝင်ဖြစ်ခြင်းကိုဖော်ဆောင်ရာမှ ရရှိမည့် အကျိုးကျေးဇူးများအား ပြန်လည်သုံးသပ်မှုတစ်ရပ်လည်း ပါဝင်ပါသည်။

[1] USP Master Inception Deliverables v20170214 Draft to FCO. Yangon: The Asia Foundation

## ၂။ မှုခင်းကာကွယ်ရေး၏ ပုံစံတစ်ခု

ပညာရေးပိုင်းဆိုင်ရာစာတမ်းများတွင် မှုခင်း [2] ကာကွယ်ရေးအား နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ပြခဲ့ကြပါသည်။ အများဆုံးအသုံးပြုသော နည်းလမ်းများထဲမှ တစ်ခုမှ အမျိုးအစား(၃)ခုအား အောက်ပါအတိုင်း အမျိုးအစားခွဲထားပါသည် [3]။

၁။ အပြည့်ပြည့်ဆိုင်ရာမူဝါဒများနှင့် အလေ့အထများအား စတင်မိတ်ဆက်ပေးခြင်းဖြင့် မှုခင်းအား မဖြစ်ပွားခင် ကာကွယ်ရန် ရည်ရွယ်သော **ပထမအဆင့်ကာကွယ်ခြင်း။**

၂။ မှုခင်းကျူးလွန်ရန် အလားအလာမြင့်သောသူများအား ၎င်းတို့၏ မှုခင်းဆိုင်ရာကိစ္စများတွင် ပါဝင်မှုအား လျှော့ချစေရန် ရည်ရွယ်ချက်ဖြင့် ပစ်မှတ်ထားသော **ဒုတိယအဆင့်ကာကွယ်ခြင်း။**

၃။ ပြစ်ဒဏ်စီရင်ခြင်းခံရသော ကျူးလွန်သူများအား နောက်ထပ် ကျူးလွန်ခြင်းဖြစ်ပွားနိုင်ခြေအား လျှော့ချစေရန် ရည်ရွယ်သော ကုစားမှုစီမံချက်များနှင့် အခြားနည်းလမ်းများ ထောက်ပံ့ပေးခြင်းဖြင့် မှုခင်းကာကွယ်သည့် **တတိယအဆင့်ကာကွယ်ခြင်း။**

ဤနည်းလမ်းအား ရာဇဝတ်မြောက်သည့် ဖျက်လိုဖျက်ဆီးမှုနှင့် ခိုးယူခြင်းကဲ့သို့သော အများသူငှာထိခိုက်စေသည့် ရာဇဝတ်မှုများမှသည် အဖွဲ့အစည်းဖြင့်ကျူးလွန်သော ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများအထိ မှုခင်းအမျိုးမျိုးတွင် အသုံးပြုနိုင်ပါသည်။

## ၃။ မြို့ပြဒေသများတွင် မှုခင်းကာကွယ်ရေး နည်းလမ်းများ

### ၃.၁။ ပြဿနာအား ဖြေရှင်းခြင်း

အထက်ပါ မှုခင်းကာကွယ်ခြင်း [4] ၏ အမျိုးအစားများတစ်ခုစီအား ကိုင်တွယ်ဖြေရှင်းရန်အတွက် သတမတ်တည်းကျသော ရဲလုပ်ငန်းဆောင်ရွက်ချက်နည်းလမ်းမှာ ပြဿနာအားအခြေခံသော ရဲလုပ်ငန်းဆောင်ရွက်ခြင်း [5] ဖြစ်သည်။ (ဤစာတမ်းတွင် ၎င်းအား ပြဿနာကို ဖြေရှင်းခြင်းဟု ရည်ညွှန်းထားသည်။) Herman Goldstein [6] မှ မူလအဆိုပြုခဲ့သော ဤချဉ်းကပ်မှုသည် သီးခြားပြဿနာများအား ကိုင်တွယ်ဖြေရှင်းရန် ပုံစံချထားသော ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ၎င်းတွင် ရပ်ရွာလူထုဆိုင်ရာ လုံခြုံမှု နောက်ခံအခြေအနေအပေါ်တွင် ပြဿနာများနှင့် ၎င်းတို့၏ ဖြေရှင်းနည်းလမ်းများ၏ ကျိုးကြောင်းဆီလျော်ပြီး အထောက်အထားအခြေခံသော သရုပ်ခွဲမှုများအား အသုံးပြုရန် ရည်ရွယ်သည်။ ပြဿနာဖြေရှင်းခြင်းသည် မှုခင်းနှင့် မငြိမ်သက်မှုပြဿနာများအား စနစ်တကျ ဖော်ထုတ်၍ သရုပ်ခွဲပြီး၊ ပြဿနာတစ်ခုခြင်းအပေါ်တွင် သီးခြားတုံ့ပြန်မှုများကို ဖော်ထုတ်ကာ၊ ထိုတုံ့ပြန်မှုများ၏ အောင်မြင်ခြင်း ရှိ၊ မရှိကို နောက်တွင် အကဲဖြတ်ဆန်းစစ်သည်။ ၎င်းသည် မြို့ပြနယ်ပယ်များတွင် အထူးသဖြင့် အောင်မြင်သည်ကို တွေ့ရပြီး၊ မြို့ပြနယ်ဒေသများ[7] ဖြင့်ဆက်စပ်သော အမျိုးသားမှုခင်းကာကွယ်ရေး မဟာဗျူဟာ ၂၀၁၇-၂၀၁၉ ၏ အဓိက မဟာဗျူဟာမြောက်လုပ်ဆောင်ချက်အများအပြားအား အကောင်အထည်ဖော်ရာတွင် ထိရောက်သော

[2] Throughout this paper 'crime' is taken to include volume crime (theft, car crime and burglary) as well as violence, organised crime, disorderly behaviour and terrorism.


[3] Brantingham, P. J. and Faust, F. L. (1976). *A conceptual model of crime prevention.* Crime and Delinquency 22:284–296.

[4] Laycock, G. (2016) *Policing and the prevention landscape.* London: University College London.

[5] Weisburd, D., C. W. Telep, J. C. Hinckle and J. Eck (2010) *Is problem-oriented policing effective in reducing crime and disorder?* Criminology and Public Policy, Volume 9, Issue 1February 2010 Pages 139–172

[6] Goldstein, H. 1990. *Problem-Oriented Policing.* New York: McGraw-Hill.

[7] United Nations Office on Drugs and Crime (2017). *National Crime Prevention Strategy 2017-2019, The Republic of the Union of Myanmar.*





နည်းလမ်းတစ်ခု ဖြစ်လာမည်။

ကွဲပြားသော ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ပုံစံများ ပေါ်ထွက်ခဲ့ပါသည်။ SARA သည် အများဆုံးအသုံးပြုသော ပုံစံဖြစ်ပြီး ၎င်းတွင် အဆင့် (၄) ဆင့် ပါသည်။ ရှာဖွေခြင်း၊ သရုပ်ခွဲခြင်း၊ တုံ့ပြန်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းတို့ ဖြစ်ပါသည်။ SARA ပုံစံသည် စက်ဝန်းပုံသဏ္ဌာန် လုပ်ငန်းစဉ်ဖြစ်ပြီး မျဉ်းဖြောင့်ပုံစံတစ်ခု မဟုတ်ပါ။ ၎င်းတွင် တုံ့ပြန်မှု၊ ထိရောက်မှု ရှိ၊ မရှိကို ဆုံးဖြတ်ရန်အတွက် စဉ်ဆက်မပြတ်လုပ်ဆောင်သော အခြေခံဖြင့် ဆန်းစစ်အကဲဖြတ်မှု လိုအပ်ပါသည်။ ၎င်းမှတစ်ဆင့် တုံ့ပြန်မှုများအား ပြုပြင်ပြောင်းလဲစေနိုင်ပြီး လိုအပ်ပါက စီမံချက်တလျှောက်လုံးတွင် လုပ်ဆောင်နိုင်သည်။ အောက်ပါတို့မှ SARA အဆင့် (၄) ခုတို့၏ ဖော်ပြချက် များကို ပေးထားပါသည်။ အဆင့်များတစ်ခုချင်းစီ၏ ထပ်မံ ရှင်းလင်းချက်များအား US's Centre for Problem Oriented Policing website [8] တွင် တွေ့မြင်နိုင်ပါသည်။

**ရှာဖွေခြင်း - အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များ၏ လုံခြုံမှုနှင့် သက်ဆိုင်သော ပြဿနာများအား ရှာဖွေခြင်းနှင့် ဦးစားပေးအဆင့် သတ်မှတ်ခြင်း။** ရှာဖွေခြင်းအဆင့်တွင် အလားတူ ဆက်စပ်သော၊ ဖန်တလဲလဲ ဖြစ်ပေါ်သော ဖြစ်စဉ်များ၏ အစုအဖွဲ့များအား စေ့စေ့စပ်စပ်စွာ ပြန်လည်သုံးသပ်ခြင်း ပါဝင်ပါသည်။ ထို့နောက် ၎င်းတို့အား ဦးစားပေးအဆင့်သတ်မှတ်ပြီး ထပ်မံစစ်ဆေးမှုများပြုလုပ်ရန်အတွက် ဦးစားပေးမှုခင်းနှင့် ရပ်ရွာလူထု၏ လုံခြုံမှုဆိုင်ရာ ပြဿနာများကို ရွေးချယ်ပါသည်။ UK နိုင်ငံရှိ The National Reassurance Policing Programme မှ ရပ်ရွာလူထုမှ ပါဝင်ခြင်းသည် ပြဿနာများအား ရှာဖွေခြင်းနှင့် သတ်မှတ်ခြင်းတို့တွင် ပိုမိုကောင်းမွန်သော ရလဒ်များ [9] ကို ဦးတည်စေသည်ဟု တွေ့ရှိခဲ့ပါသည်။ ဤအပိုင်းအား အပိုင်း (၃.၅) တွင်လည်း ထပ်မံ၍ ဆွေးနွေးထားပါသည်။ ဤအဆင့်တွင် အရေးကြီးသည်မှာ ဘေးအန္တရာယ်အလားအလာများ အလွန်မြင့်မားသော မှုခင်းများကို ရပ်ရွာလူထုအဖွဲ့ဝင်များမှ မဖော်ပြသည့်တိုင် အထူး အလေးထားရန်ဖြစ်သည်။ (ဥပမာ- အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ကျူးလွန်သော လိင်ပိုင်း ဆိုင်ရာ မှုခင်းများ )

**သရုပ်ခွဲခြင်း - ပြဿနာများ၏ ဇစ်မြစ်အကြောင်းအရင်းများအား ဖော်ထုတ်ရန်နှင့် ပြဿနာ၏ အတိုင်းအတာအား ဖြစ်နိုင်သမျှ ကျဉ်းမြောင်းစေရန် သတင်းအချက်အလက်များ စုဆောင်းခြင်း။** ဤအဆင့်တွင် ပြဿနာ၏ အမျိုးအစားနှင့် ပတ်သတ်ပြီး သိရှိထားသည်ကို သုသေသနပြုခြင်းနှင့် ထိုပြဿနာနှင့် ဆက်စပ်သော ရရှိနိုင်သည့် အချက်အလက်များအား ဖော်ထုတ်ခြင်းတို့ အပါအဝင် သီးခြားပြဿနာတစ်ခု၏ ဇစ်မြစ် အကြောင်းအရင်းများအား ဖော်ထုတ်ရန်အတွက် အချက်အလက်များအား အသေးစိတ် ပြန်လည်သုံးသပ်ခြင်း ပါဝင်ပါသည်။ ၎င်းတွင် ပြဿနာသရုပ်ခွဲခြင်းတြိဂံ [10] ဟူသော




[8] http://www.popcenter.org/about/?p=sara

[9] Tuffin, R., Morris, J. and Poole, A. (2006) *An evaluation of the National Reassurance Policing Programme. London: Home Office.*

[10] The Problem Analysis Triangle helps highlight potential partners for the police, in terms of identifying the

တခြားနည်းတစ်ခုကိုလည်း အသုံးပြုထားပါသည် (ပုံအားကြည့်ပါ)။ ၎င်းမှ ပြဿနာအား ရှုဒေါင့် (၃) ခုမှဖြစ်သော ကျူးလွန်သူ၊ ကျူးလွန်ခံရသူနှင့် ကျူးလွန်သည့်နေရာတို့အပေါ်တွင် သရုပ်ခွဲခြင်းကို လုပ်ဆောင်နိုင်စေပါသည်။ သင်၏ သရုပ်ခွဲခြင်းသည် ပိုမိုကောင်းမွန်လေ ပြဿနာအပေါ် သင်၏ တုံ့ပြန်မှုကလည်း ပိုမိုဆီလျော်ပြီး ပိုမိုကိုက်ညီစွာ လုပ်ဆောင်နိုင်ပါမည်။

မြန်မာနိုင်ငံရှိ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှု၏ သရုပ်ခွဲခြင်းအဆင့်တွင် အသုံးပြုရန်အတွက် စဉ်းစားနိုင်သော သရုပ်ခွဲခြင်းဆိုင်ရာ နည်းလမ်းအချို့အား The College of Policing (အင်္ဂလန် နှင့် ဝေလပြည်နယ်) မှ ဖော်ပြထားပါသည်။ [11] ထိုနည်းလမ်းများတွင် မှုခင်းနှင့် မငြိမ်မသက်ဖြစ်မှုများဖြစ်ပွားသည့် ဖြစ်ရိုးဖြစ်စဉ်များ၏ သဘောသဘာဝနှင့် အတိုင်းအတာတို့ကိုဖော်ထုတ်သည့် မှုခင်းဖြစ်စဉ် ပုံစံသရုပ်ခွဲခြင်း၊ ပုံမှန်ထက် မှုခင်းဖြစ်ရပ်များ ဖြစ်ပွားမှု သိသိသာသာများပြားသောနေရာများကို ဖော်ထုတ်ခြင်းနှင့် လုပ်ကိုင်သည့်နည်းစနစ်၊ ထင်ရှားသည့် အပြုအမူ၊ သတင်းအချက်အလက်နှင့် မှုခင်းဆေးပညာအထောက်အထားများ ဆက်နွယ်မှုကြောင့် အလားသဏ္ဍာန်တူသော မှုခင်းများအား ကျူးလွန်သူတစ်ဦးတည်းကသာ ကျူးလွန်ထားခြင်းဖြစ်နိုင်သည်ဟု ဖော်ထုတ်သည့် မှုခင်းကွင်းဆက်ဖော်ထုတ်ခြင်း စသည်တို့ပါဝင်သည်။

နောက်ဆက်တွဲ (က) တွင် စာရင်းအပြည့်အစုံ၏ အကျဉ်းချုပ်အား တွေ့ရှိနိုင်သည်။

ပြဿနာဖြေရှင်းခြင်းအစီအစဉ်တစ်ခု၏ သရုပ်ခွဲခြင်းအဆင့်အား ဆောင်ရွက်ရာတွင် အရည်အသွေးမြင့် အချက်အလက်များ ရရှိရန်နှင့် ပြဿနာသရုပ်ခွဲခြင်းဆိုင်ရာ တြိဂံ၏ အစိတ်အပိုင်း (၃) ခုစလုံးအား ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။

**တုံ့ပြန်မှု - သရုပ်ခွဲခြင်းအဆင့်တွင် ဖော်ပြထားသည့် ပြဿနာ၏အကြောင်းအရင်းများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒီဇိုင်းရေးဆွဲထားသော အံဝင်ခွင်ကျစီစဉ်ထားသည့် လုပ်ဆောင်မှုများ။** ၎င်းတွင် ကြားဝင်ဟန့်တားမှုများအတွက် အမျိုးမျိုးသော ရွေးချယ်ရန်နည်းလမ်းများ ပေါ်ပေါက်လာရန် အများပြည်သူနှင့် မိတ်ဖက်အဖွဲ့အစည်းများအား အကြံဉာဏ်သစ်များအား ရှာဖွေစေခြင်းနှင့် အခြားနယ်ပယ်များတွင် မည်သည်တို့သည် အောင်မြင်ခဲ့သည်ကို သုသေသနပြုလုပ်စေခြင်းတို့ ပါဝင်သည်။ အသင့်လျော်ဆုံးနည်းလမ်းအား ရွေးချယ်ပြီးသည်နှင့် အစီအစဉ်အတွက် ရည်မှန်းချက်များနှင့် ဆီလျော်သော မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများပါဝင်သည့် တုံ့ပြန်မှုဆိုင်ရာ စီမံချက်တစ်ခုကို ဖန်တီးသည်။ မှုခင်းကာကွယ်ရေး၏ ပထမ၊ ဒုတိယနှင့် တတိယအဆင့်တို့ အတွင်းတွင်ရှိသော ၎င်း၏ လုပ်ဆောင်ချက်များဖြင့် ရှင်းလင်းစွာ ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် အရေးကြီးသည်။ (အထက်တွင်ဖော်ပြထားသည့် အပိုင်း (၂) အား ကြည့်ပါ)။

ပထမအဆင့် မှုခင်းကာကွယ်ရေးအပိုင်းနှင့်စပ်လျဉ်း၍ သုသေသနများမှ ရာဇဝတ်သားများ၏ အပြုအမူများ အပါအဝင် အပြုအမူများသည် အခြေအနေပြောင်းလဲသည်နှင့်လိုက်၍ ပြောင်းလဲကြောင်းကို ပြသခဲ့သည်။ ဤချဉ်းကပ်မှုနည်းလမ်းအား အခြေအနေပိုင်းဆိုင်ရာ မှုခင်းကာကွယ်ရေး (SCP) ဟုခေါ်ပြီး SCP အပေါ်တွင် သုသေသနပြုခဲ့သော ပူးတွဲအဖွဲ့အစည်းမှ ရာဇဝတ်မှုအား ကာကွယ်နိုင်သော [12] အစီအမံနည်းလမ်းများ အနည်းဆုံး (၅)ခု ခန့်ရှိကြောင်းကို ပြသခဲ့ပါသည်။ ၎င်းတို့မှာ -

၁။ ရာဇဝတ်မှုကျူးလွန်ခဲ့ဖူးသူများကို ထောက်ရှုခြင်းအားဖြင့် ဖမ်းဆီးရရှိနိုင်ခြေအား တိုးမြှင့်စေခြင်းကဲ့သို့သော အန္တရာယ်ဖြစ်နိုင်ခြေများအား ပိုမိုသိရှိစေရန်လုပ်ဆောင်ခြင်း။ ၎င်းတွင် မှုခင်းဖြစ်ပွားနှုန်းမြင့်မားသော နေရာများတွင် ညွှန်ကြားချက်ဖြင့် ရဲတပ်ဖွဲ့မှ ကင်းလှည့်ခြင်းတို့ ပါဝင်နိုင်သည်။

---

manager of the location, a handler for the offender and a guardian for the victim. Partners can be numerous and varied. http://webarchive.nationalarchives. gov.uk/20100418065544/

[11] https://www.app.college.police.uk/app-content/intelligence-management/analysis/

[12] Clarke R. and J. Eck *Become a problem solving crime analyst in 55 steps* Available from www.popcenter.org

၂။ မှုခင်းကျူးလွန်ရန် ကြိုးပမ်းအားထုတ်မှုများဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများအား သိရှိမှု တိုးမြှင့်ခြင်း။ ၎င်းတွင် သော့များ၊ ဘားတံများ၊ ပင်နံပါတ်များထားရှိခြင်းဖြင့် လုံခြုံရေးတောင့်တင်းစေရန် ဆောင်ရွက်ခြင်း။

၃။ မိမိတို့ သတိမူသိရှိထားသည့် ရလဒ်ဆုကြေးများအား လျှော့ချခြင်း၊ ဥပမာ - ဆိုင်များမှ အခိုးခံရပါက ကုန်ပစ္စည်းများအား မှင်ဆေးလုံးများဖြင့်လည်းကောင်း ငွေသိမ်ကောင်တာများမှ အခိုးခံရပါက ငွေစက္ကူများအား ကော်ဖြင့် အမှတ်အသားကပ်ထားခြင်း။

၄။ အမှတ်အသားသင်္ကေတဆိုင်းဘုတ်များ အသုံးပြုခြင်းမှတဆင့် စည်းမျဉ်းများအား ရှင်းလင်းစေခြင်းဖြင့် ဆင်ခြေပေးမှုများအား ဖယ်ရှားခြင်း။

၅။ ဘားများပိတ်သောအချိန်တွင် တက်စီများ တန်းစီရမှုအား ထိန်းချုပ်ခြင်းဖြင့် ရန်စခြင်း၊ ရန်ဖြစ်ပွားခြင်းများအား လျှော့ချခြင်း။ [13]

အခြေအနေပိုင်းဆိုင်ရာ မှုခင်းကာကွယ်ရေးသည် အမျိုးသားမှုခင်းကာကွယ်ရေးမဟာဗျူဟာ ၂၀၁၇-၂၀၁၉ [14] ၏ အဓိက မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ TAF စီမံကိန်းတွင် ပါဝင်သည့် အစိုးရအဖွဲ့အစည်းများကို ပထမအဆင့် မှုခင်းကာကွယ်ရေးတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့်ပတ်သတ်၍ ကွဲပြားစွာနှင့် တီထွင်ဖန်တီးဉာဏ်ကွန့်မြူးစွာဖြင့် စဉ်းစားခြင်းကို တိုက်တွန်းအားပေးရန် အရေးကြီးသည်။ ဥပမာ - ရဲတပ်ဖွဲ့အနေဖြင့် ရာဇဝတ်မှုလုပ်ဆောင်မှုများအား အဟန့်အတားဖြစ်စေရန်အတွက် ပိုမိုတိုးမြှင့်ကင်းလှည့်ခြင်းကဲ့သို့သော ၎င်းတို့၏ အစဉ်အလာအတိုင်း တုံ့ပြန်မှုများထက် ကျော်လွန်ပြီး စဉ်းစားသင့်သည်။

ထိုသို့ဟန့်တားခြင်းသည် နယ်ပယ်ကျဉ်းပြီး မှုခင်းအဖြစ်များသော နေရာ[15] များတွင် အောင်မြင်သော်လည်း ၎င်းသည် ကုန်ကျစားရိတ်များပြားပြီး အခြားအခြေအနေပိုင်းဆိုင်ရာ မှုခင်းကာကွယ်ရေး နည်းလမ်းများနှင့်ယှဉ်လျှင် ကာလရှည်အကျိုးသက်ရောက်မှု နည်းပါးပါသည်။

ဒုတိယအဆင့်ကာကွယ်ရေးအတွက် တုံ့ပြန်မှုစီမံချက်သည် အခြားသင့်လျော်သောနည်းလမ်းများနှင့်အတူ ပြစ်မှုကျူးလွန်ခံရမှု အလားအလာမြင့်မားသည့် ကလေးငယ်များနှင့် မိသားစုများအတွက် စောလျှင်စွာ ကြားဝင်ဟန့်တားခြင်း အစီအမံများ ပါဝင်နိုင်သည်။ ကျယ်ပြန့်စွာပြုလုပ်ထားသော သုသေသနများမှ ဤချဉ်းကပ်မှုသည် လူငယ်များအား ပြစ်မှုကျူးလွန်ခြင်းမှ တားဆီးရာတွင် မည်မျှထိရောက်ကြောင်းကို ပြသခဲ့ပြီး ၎င်းသည် အမျိုးသား မှုခင်းကာကွယ်ရေး စီမံချက်နှင့် တသမတ်တည်းဖြစ်ပါသည်။ ဤချဉ်းကပ်မှု၏ သက်သေအထောက်အထားနှင့် ၎င်းအားမည်ကဲ့သို့ အောင်မြင်အောင်လုပ်ဆောင်ရန်တို့ကို UK နိုင်ငံ၏ Early Intervention Academy [16] ဝက်ဘ်ဆိုဒ်တွင် တွေ့နိုင်ပါသည်။

နောက်ဆုံးအနေဖြင့် တုံ့ပြန်မှုစီမံချက်တွင် တတိယအဆင့်ကာကွယ်ရေးအား စဉ်းစားသင့်ပါသည်။ ဥပမာ - စီမံချက်တွင် ပြစ်မှုထပ်မံကျူးလွန်ခြင်းအား လျှော့ကျသောနည်းလမ်းများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များတွင် အန္တရာယ်ကျရောက်မည့်အလားအလာရှိသော အမှုများတွင် ရာဇဝတ်မှု ထပ်မံကျူးလွန်ခြင်းအား လျှော့ချနိုင်သော နည်းလမ်းများကို ထည့်သွင်းသင့်ပါသည်။ (အောက်ပါ အပိုင်း (၃.၃) ကို ကြည့်ပါ)။

သီးခြားရာဇဝတ်မှုခင်း ပြဿနာတစ်ခုအား ကိုင်တွယ်ဖြေရှင်းရန်အတွက် စီမံချက်တစ်ခုအားရေးဆွဲရာတွင် စီမံဆောင်ရွက်သူများအနေဖြင့် လုပ်ဆောင်မည့်နည်းလမ်း၊ ကြပ်မတ်သူများ (မည်သို့သော နည်းလမ်းများသည်

[13] Laycock, G. (2016) Policing and the prevention landscape. London: University College London

[14] United Nations Office on Drugs and Crime (2017). *National Crime Prevention Strategy 2017-2019, The Republic of the Union of Myanmar.*

[15] Braga, A. A. (2015) *Hot spots policing and crime prevention: A systematic review of randomized controlled trials* Journal of Experimental Criminology (2005) 1: 317–342

[16] http://www.eif.org.uk

အလုပ်ဖြစ်နိုင်သည် မဖြစ်နိုင်သည်အား မည်သည်တို့မှ ဆုံးဖြတ်သည် - ဥပမာ - နောက်ခံအကြောင်းအရင်း) ၎င်းအား မည်သို့ အကောင်အထည်ဖော်မည်နှင့် ၎င်းစီမံချက်သည် မည်မျှကုန်ကျမည် [17]၊ ထိုအစိတ်အပိုင်း (၅) ခု အား ယခုအခါတွင် What Works Centre for Crime Reduction web-based toolkit [18] တွင် ထည့်သွင်းထားပြီး ဤစီမံကိန်းတွင် တုံ့ပြန်မှုများအား စီမံချက်ရေးဆွဲရာတွင် အသုံးပြုနိုင်ပါသည်။

**ဆန်းစစ်အကဲဖြတ်ခြင်း - တုံ့ပြန်မှုသည် လိုလားအပ်သော သက်ရောက်မှုအား ရှိခြင်း၊ မရှိခြင်းကို တိုင်းတာသည် - လိုအပ်ပါက တုံ့ပြန်မှုအား ပြင်ဆင်မှုများ ပြုလုပ်သည်။** ဤအဆင့်၏ ရည်ရွယ်ချက်မှာ တုံ့ပြန်မှုဆိုင်ရာ စီမံချက်တွင် သတ်မှတ်ထားသည့် ရည်မှန်းချက်များကို ရရှိသည်၊ မရရှိသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ၎င်းအား ကြားဝင်ဟန့်တားမှု အကြိုနှင့် ကြားဝင်ဟန့်တားမှုအပြီး အချက်အလက်များ (အရည်အသွေးနှင့် အရေအတွက်) နှိုင်းယှဉ်ခြင်းဖြင့် လုပ်ဆောင်သည်။ ကြားဝင်ဆောင်ရွက်မှု၏ စဉ်ဆက်မပျက် ဆန်းစစ်အကဲဖြတ်မှုသည် ၎င်း၏ ဆက်လက်ထိရောက်မှုရှိခြင်းကို သေချာစေရန်အတွက် လိုအပ်သည်။

ပြဿနာဖြေရှင်းခြင်းဆိုင်ရာအပိုင်းအား နိဂုံးချုပ်ရလျှင် ပညာရေးပိုင်းဆိုင်ရာ သုသေသနများမှ ပြဿနာဖြေရှင်းခြင်းသည် ပစ်မှတ်ထားသော [19] ပြဿနာများပေါ်တွင် ကောင်းမွန်သောသက်ရောက်မှု ရှိသည်ကို ပြသပါသည်။ ရာဇဝတ်မှုခင်းအားလုံး ချုံ့ခြင်းထက် ရာဇဝတ်မှုခင်းအမျိုးအစားအလိုက်အပေါ် ထောက်ရှုခြင်း၊ ကောင်းမွန်သော သရုပ်ခွဲခြင်းနှင့် သတင်းအချက်အလက် ထောက်လှမ်းစုဆောင်းခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများ အတူတကွ လုပ်ဆောင်ခြင်း၊ စီမံချက်တွင်ပါဝင်သူများအတွက် သင့်လျော်သော လုံလောက်သည့် လေ့ကျင့်သင်တန်းပေးခြင်း၊ ပြဿနာအား သင့်တင့်လျောက်ပတ်စွာဖြေရှင်းရန်အတွက် အချိန်ပေးခြင်း၊ အချက်အလက်များ စုဆောင်းခြင်း၊ စုစည်းခြင်း၊ သရုပ်ခွဲခြင်းနှင့် ဖြန့်ဝေခြင်း [20] တို့ လုပ်ဆောင်နိုင်ရန် လိုအပ်သော အရင်းအမြစ်များအပေါ်တွင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု။

## ၃.၂။ ထပ်မံကျူးလွန်ခံရခြင်း

အိမ်တွင်းအကြမ်းဖက်မှုနှင့် ပြင်းထန်သော လိင်ပိုင်းဆိုင်ရာမှုခင်းများကဲ့သို့သော အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ကျူးလွန်သောရာဇဝတ်မှုခင်းများနှင့်စပ်လျဉ်းရာတွင် ထပ်မံကျူးလွန်ခံရသူများနှင့် ထပ်မံကျူးလွန်ခြင်းများကို ဖော်ထုတ်ခြင်းသည် အထူးသဖြင့် အရေးကြီးပါသည်။ UK နိုင်ငံရှိ အိမ်တွင်း အကြမ်းဖက်မှုအပေါ် ပြည်ထဲရေးဌာနမှ လေ့လာမှုမှ ထပ်မံကျူးလွန်ခံရခြင်းအတွက် အလွန်မြင့်မားသော အန္တရာယ်အလားအလာကာလရှိသည်ကို တွေ့ရှိထားပါသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် ဖြစ်စဉ်တစ်ခုအတွက် ရဲတပ်ဖွဲ့အား ခေါ်ဆိုမှုတစ်ခု ပြုလုပ်ခဲ့သော အိမ်ထောင်စု တစ်စုသည် တစ်နှစ်အတွင်း ယင်းကဲ့သို့ဖြစ်စဉ် နောက်ထပ်တစ်ကြိမ် ဖြစ်ပေါ်လာနိုင်နှုန်း ၀.၈ ရှိပါသည်။ ပထမဖြစ်စဉ်အပြီးတွင် ၃၅% သော အိမ်ထောင်စုများသည် ပထမဖြစ်စဉ်၏ ရက်သီတင်းတစ်ပါတ် ၅ ပါတ်တွင် ဒုတိယဖြစ်စဉ်ကို ခံစားရပါသည်။ ဒုတိယဖြစ်စဉ်အပြီး ၄၅ % သော အိမ်ထောင်စုများသည် တတိယဖြစ်စဉ်အား ရက်သီတင်းတစ်ပါတ် ၅ ပါတ်အတွင်း [21] ခံစားကြရပါသည်။

မည်သည့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ စီမံချက်မဆိုတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုခင်းများ ကျူးလွန်ခံရသူများတွင် အနာဂတ်တွင် ပြန်လည်ကျူးလွန်ခံရခြင်းမှ ကာကွယ်နိုင်မည်ကို ထည့်သွင်း

---

[17] Laycock, G. (2016) *Policing and the prevention landscape*

[18] The toolkit is available here http://whatworks.college.police.uk/toolkit/Pages/Toolkit.aspx.

[19] Weisburd D, Telep CW, Hinkle JC, Eck JE (2008). *The effects of problem-oriented policing on crime and disorder.* Campbell Systematic Reviews 2008:14

[20] College of Policing. *The effects of problem-oriented policing on crime and disorder: What Works Briefing.* http://whatworks.college.police.uk/Research/Briefings/Documents/CoP(What%20works(online_land_POPV3).pdf

[21] Farrell, G., and Pease, K (1993). *Once Bitten, Twice Bitten: Repeat Victimisation and its Implications for Crime Prevention.* London. Home Office Police Research Group

စဉ်းစားဖို့ လိုအပ်ပါသည်။ UK နိုင်ငံတွင် ထိုရည်မှန်းချက်ကိုရရှိရန် အသုံးပြုသော နည်းလမ်းကို အေဂျင်စီပေါင်းစုံ အန္တရာယ်အလားအလာ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ ညီလာခံများ Multi-agency Risk Assessment Conferences'(MARAC)ဟုခေါ်ပါသည်။ MARACတစ်ခုသည်အိမ်တွင်းအကြမ်းဖက်မှုမှုခင်းများနှင့်ပတ်သတ်သည့် သတင်းအချက်အလက်များကို ဖလှယ်သည့် အစည်းအဝေးတစ်ခုဖြစ်ပါသည်။ (အမျိုးသမီးများသည် ကျူးလွန်ခံရသူများ၏ အများစုဖြစ်ပါသည်) ရဲတပ်ဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကလေးသူငယ်များကာကွယ်ရေး၊ အိမ်ငှားရမ်းသူများ၊ ခံဝန်ဌာနနှင့် အခြားသော ဥပဒေပိုင်းဆိုင်ရာနှင့် စေတနာ့ဝန်ထမ်းကဏ္ဍများမှ ကျွမ်းကျင်သူများကဲ့သို့သော အေဂျင်စီများ၏ ကိုယ်စားလှယ်များအကြား ကျူးလွန်ခံရသူတစ်ယောက်၏ ဆီလျော်သော သတင်းအချက်အလက်အားလုံးအား ဖလှယ်ပြီးသည့်နောက်တွင် ကိုယ်စားလှယ်များမှ ကျူးလွန်ခံရသူ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအား တိုးတက်စေရေးအတွက် နည်းလမ်းများကို ဆွေးနွေးကြပြီး ၎င်းတို့အား ညှိနှိုင်းထားသည့် လုပ်ဆောင်ချက် စီမံချက်တစ်ခုအသွင်သို့ ပြောင်းလဲကြပါသည်။ MARAC ၏ အဓိက ရည်ရွယ်ချက်မှာ လူကြီးပိုင်းကျူးလွန်ခံရသူကို စောင့်ရှောက်ရန်ဖြစ်ပါသည်။ MARAC အနေဖြင့် အခြားအေဂျင်စီပေါင်းစုံ အဖွဲ့အစည်းများနှင့် ကလေးသူငယ်များအား ကာကွယ်ရန်အတွက် ချိတ်ဆက်မှုများလည်း ပြုလုပ်မည်ဖြစ်ပြီး ကျူးလွန်သူ၏ အပြုအမူကိုလည်း စီမံမည်ဖြစ်သည်။ (ထပ်မံကျူးလွန်ခြင်းအား လျှော့ချခြင်းအပိုင်းကို အောက်တွင်ကြည့်ပါ)။

MARAC တွင် အရေးကြီးသောအချက်မှာ အေဂျင်စီတစ်ခုတည်း (သို့) တစ်ဦးတစ်ယောက်မှ ကျူးလွန်ခံရသူ၏ ဘဝအပေါ် ဖြစ်စဉ်အလုံးစုံအား သိရှိနိုင်ရန် မဖြစ်နိုင်ဟူသော ယူဆချက်ဖြစ်ပါသည်။ သို့သော် အေဂျင်စီများအားလုံးတွင် ၎င်းတို့၏ လုံခြုံမှုများအတွက် အရေးကြီးသော ရှုထောင့်များ ရှိနိုင်ပါသည်။ အစည်းအဝေးအား ကျူးလွန်ခံရသူမှ မတက်ရောက်ပါ။ သို့သော် ၎င်းတို့ကိုယ်စားပြောဆိုပေးသည့် စေတနာ့ဝန်ထမ်းများကဏ္ဍမှ အလွတ်တန်း အကြံပေးတစ်ဦးမှ ကိုယ်စားပြု [22] တက်ရောက်ပါသည်။

အခြားပြစ်မှုများတွင်လည်း ထပ်မံကျူးလွန်ခံရခြင်းများအား သရုပ်ခွဲရန် အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် ပညာရေးပိုင်းဆိုင်ရာ အထောက်အထားအများအရ ရာဇဝတ်မှုတစ်မျိုးမျိုး ကျူးလွန်ခံရသူဖြစ်ခြင်းသည် အနာဂတ်တွင် ကျူးလွန်ခံရမှုအတွက် ခန့်မှန်းနိုင်သော ညွှန်းကိန်းတစ်ခုလည်းဖြစ်ပါသည်။ ဥပမာ - UK နိုင်ငံတွင် နာမည်ကျော်ကြားသော လေ့လာမှုတစ်ခုအရ မြို့ပြအိမ်ရာတစ်ခုအပေါ် အိမ်တစ်လုံးအား ဖောက်ထွင်းခံရလျှင် ၎င်းအိမ်၏ ထပ်မံ ဖောက်ထွင်းခံရနိုင်သော အလားအလာသည် လုံးဝဖောက်ထွင်းမခံရသေးသော အိမ်များ ထက် ၄ ဆ ပိုရှိကြောင်း တွေ့ရှိရပါသည်။ [23] ထပ်မံကျူးလွန်ခံရခြင်းအား ကာကွယ်ခြင်းသည် အခြားနည်းလမ်းများထက် နှိုင်းယှဉ်လျှင် အောင်မြင်ရန်အလားအလာ ပိုများပြီး ၎င်းကို အလေးထားလုပ်ဆောင်ခြင်းသည် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခြင်းပင်ဖြစ်သည်။ ၎င်းမှ ထိခိုက်လွယ်သော လူအုပ်စုများကိုလည်း ကာကွယ်ပေးပါသည်။ အဘယ်ကြောင့်ဆိုသော် ထပ်မံပြစ်မှုကျူးလွန်ခံရခြင်းများသည် ထိခိုက်ခံစားလွယ်သူများ အများစုနေထိုင်ရာ [24] မှုခင်းပေါများသောနယ်ပယ်များတွင် အလုံးစုံနှင့် အချိုးကျစွာ ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်သောကြောင့်ဖြစ်သည်။

## ၃.၃။ ပြစ်မှုထပ်မံကျူးလွန်မှုကို လျှော့ချခြင်း

မည်သည့် ပြဿနာဖြေရှင်းခြင်း စီမံချက်တွင်မဆို၊ အထူးသဖြင့် အခြားကုစားမှုနည်းလမ်းများအား ထပ်ဆောင်းနည်းလမ်းအဖြစ် အသုံးချသောအခါတွင် ပြင်းထန်သော ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ ထပ်မံကျူးလွန်မှုအား လျှော့ချရာတွင် ထိရောက်သည့် တရားမျှတမှုအား ပြန်လည်ထူထောင်ရေးဆိုင်ရာ စည်းဝေးညှိနှိုင်းခြင်းအား စတင်ဆောင်ရွက်ခြင်းကိုလည်း စဉ်းစားသင့်ပါသည်။ [25]

---

[22] http://www.safelives.org.uk/sites/default/files/resources/MARAC%20FAQs%20General%20FINAL.pdf
[23] *ibid*
[24] Pease, K. (1991) *The Kirkholt Project: Preventing Burglary on a British Public Housing Estate* in Ronald V. Clark (ed) Situational Crime Prevention: Successful Case Studies, New York: Harrow and Heston
[25] http://whatworks.college.police.uk/toolkit/Pages/Intervention.aspx?InterventionID=24 (accessed 14.08.16)

သို့သော် ပစ္စည်းဥစ္စာများနှင့်ဆိုင်သော ပြစ်မှုကျူးလွန်သူများတွင် ထပ်မံကျူးလွန်မှုအား လျှော့ချရာ၌ အောင်မြင်သော အထောက်အထားများ မရှိပါ။ ချဉ်းကပ်မှုသည် ငယ်ရွယ်သော ပြစ်မှုကျူးလွန်သူများတွင် အထူးသဖြင့် ထိရောက်ပါသည်။ UNICEF မှ တရားမျှတမှု ပြန်လည်ထူထောင်ရေးအား၊ "ကျူးလွန်ခံရသူ (သို့) ကျူးလွန်ခံရခြင်းမှ လွတ်မြောက်လာသူနှင့် ကျူးလွန်သူနှင့် အချို့သောအမှုများတွင် မှုခင်းတစ်ခုကြောင့် သက်ရောက်ခံရသော၊ ထိခိုက်ခံရသောအခြားသူများမှ ပြစ်မှုမှပေါ်ပေါက်လာသော ကိစ္စရပ်များအား ဖြေရှင်းရာတွင် ယေဘုယျအားဖြင့် facilitator [26] (သို့) အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းသူတစ်ဦး၏ အကူအညီဖြင့် အတူတကွ တက်ကြွစွာ ပါဝင်ဆောင်ရွက်သည့် ချဉ်းကပ်ခြင်းတစ်ခု" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

တတိယအဆင့် ကာကွယ်ရေး၏ အရေးပါသော အခြားအစိတ်အပိုင်းတစ်ခုမှာ ကျူးလွန်ခံရသူများအား အကျဉ်းထောင်များတွင် ထိန်းသိမ်းထားခြင်းနှင့် ၎င်းတို့မှ ရပ်ရွာလူထုအတွင်းသို့ ပြန်လွှတ်ပေးပြီးနောက်တွင် ကျူးလွန်ခံရသူများအား စီမံခန့်ခွဲသည့်နည်းလမ်းပင် ဖြစ်ပါသည်။ England နိုင်ငံနှင့် Wales ပြည်နယ်ရှိ ပြစ်မှု ကျူးလွန်သော လူဦးရေ၏ ၁၀ %ခန့်သည် ပြစ်မှုများအားလုံး၏ ထက်ဝက်အတွက် ကျူးလွန်သည်ဟု ခန့်မှန်းထားပြီး အလွန်နည်းပါးသောလူဦးရေ (၁% ထက်နည်းသော)သည် ပြစ်မှု ၁၀ခုလျှင် ၁ ခု [27] အတွက်သာ တာဝန်ရှိပါသည်။ UK နိုင်ငံတွင် Integrated Offender Management ပြစ်မှုကျူးလွန်သူအား ပေါင်းစပ်စီမံခန့်ခွဲသော ချဉ်းကပ်မှုသည် တရားဥပဒေအေဂျင်စီများဖြစ်သော အကျဉ်းထောင်များ၊ အချုပ်ခန်းများ၊ ရဲတပ်ဖွဲ့များ၊ ကျန်းမာရေးနှင့် ဒေသဆိုင်ရာ အစိုးရများ၊ ပရဟိတစေတနာ့ဝန်ထမ်း အဖွဲ့အစည်းများဖြင့် အတူတကွ ပူပေါင်းဆောင်ရွက်စေပြီး ထပ်မံကျူးလွန်ခြင်းနှင့် ဆက်စပ်နေသော အကြောင်းအရင်းများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ၎င်းတို့၏ အရင်းအမြစ်များကို စုစည်းစေရန် ပူးပေါင်းဆောင်ရွက်ကြပါသည်။ ထိုအကြောင်းအရင်းများတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရာဇဝတ်မှုကျူးလွန်နိုင်သည့် စိတ်နေသဘောထားများနှင့် ခက်ခဲကြမ်းတမ်းသော မိသားစုနောက်ခံအခြေအနေများ၊ အလုပ်အကိုင် မရှိခြင်း၊ အိမ်ရာမဲ့ဖြစ်ခြင်းနှင့် စိတ်ကျန်းမာရေးပြဿနာများ [28] ပါဝင်ပါသည်။ ၎င်းအကြောင်းအရာများသည် အများပြည်သူထက်စာလျှင် ပြစ်မှုကျူးလွန်သူများတွင် မကြာခဏတွေ့ရှိရသော ပြဿနာများ (သို့) လိုအပ်ချက်များ ဖြစ်ပါသည်။

## ၃.၄။ တရားဝင်ဖြစ်ခြင်းနှင့် အများပြည်သူမှ ပူးပေါင်းဆောင်ရွက်မှု

သုသေသနပြုလုပ်ချက်အရ အများပြည်သူမှ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်စေရန်နှင့် ဥပဒေအား မချိုးဖောက်စေရန် တိုက်တွန်းပေးသော ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှုသည် မှုခင်းများကာကွယ်ရေး [29] အတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများ ရရှိစေနိုင်သည်ကို တွေ့ရှိရပါသည်။ သုသေသနပြုလုပ်ချက်များအရ ပြည်သူများအား ပူးပေါင်းဆောင်ရွက်ရန်နှင့် ဥပဒေအား မချိုးဖောက်ရန် တိုက်တွန်းခွန်အားပေးသည့် အရေးအကြီးဆုံး အကြောင်းအရင်းမှာ ရဲတပ်ဖွဲ့တရားဝင်ဖြစ်ခြင်းပင် ဖြစ်ပါသည်။ ပြည်သူလူထုမှ ရဲတပ်ဖွဲ့သည် ၎င်းတို့ဘက်တွင် အတူတကွရှိနေသည်ဟု ခံစားသောအခါတွင် ၎င်းတို့သည် မှုခင်းများအား ကျူးလွန်ရန်ဖြစ်နိုင်ချေ သိသာစွာ နည်းပါးသွားပြီး ရဲတပ်ဖွဲ့အား ကူညီရန်ဆန္ဒ ပိုမိုဖြစ်ထွန်းလာပါသည်။ အလေးထားရမည့်အချက်မှာ ရဲတပ်ဖွဲ့များ တရားဝင်ဖြစ်ခြင်းသည် လူများအား ဖမ်းဆီးနိုင်ခြင်းနှင့် ဥပဒေအား ချိုးဖောက်မှုအတွက် အပြစ်ပေးနိုင်ခြင်းထက် ပိုမိုအားကောင်းသော သက်ရောက်မှုများရှိပါသည်။ ဤချဉ်းကပ်မှုအား တစ်ခါတစ်ရံတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားမျှတမှု (procedural justice)ဟုလည်း ရည်ညွှန်းပါသည်။

တရားဝင်ခြင်း၊ မဝင်ခြင်းမှာ အများပြည်သူများ၏အမြင်တွင် ရဲတပ်ဖွဲ့သည် ပြည်သူများမှ ရဲအရာရှိများသည် ၎င်းတို့အား လေးစားမှုဖြင့် ဆက်ဆံပြီး တရားမျှတသော ဆုံးဖြတ်ချက်များချမည်၊ မျှတသောဆုံးဖြတ်ချက်များချမှတ်ပြီး

[26] https://www.unicef.org/tdad/index_56040.html
[27] Home Office (2001) *Criminal Justice: The Way Ahead*.CM 5074. London: Home Office
[28] Ministry of Justice. (20130 *Transforming Rehabilitation: a summary of evidence on reducing reoffending.* London. Ministry of Justice Analytical Series 2013
[29] Myhill, A., Quinton, P. (2011). *It's a fair cop? Police legitimacy, public cooperation, and crime reduction. An interpretative evidence commentary.* London. National Policing Improvement Agency

ထိုဆုံးဖြတ်ချက်များကို အချိန်ပေးရှင်းလင်းပြမည်၊ ဖော်ရွေမည် စသည့် ထင်မြင်ချက်တို့အပေါ် တွင် မူတည်ပါသည်။ သုသေသနပြုချက်များအရ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားဝင်ဖြစ်ခြင်းကို ခိုင်မာစေမှုနှင့် အများပြည်သူမှ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိစေရန်အတွက် ပြုမူဆောင်ရွက်ရာတွင် ၎င်းတို့အနေဖြင့်လည်း ရဲတပ်ဖွဲ့အတွင်းတွင် တရားမျှတမှု၊ လေးစားမှုတို့နှင့် ဆက်ဆံခံရသည်ဟု ယုံကြည်ဖို့ လိုအပ်ပါသည်။

အဖွဲ့အစည်းပိုင်းဆိုင်ရာတရားမျှတမှုဟုခေါ်သော ကြီးကြပ်မှုနှင့် အကြီးတန်းအဆင့်များတွင် တရားမျှတမှုသည် ၎င်းတို့၏ ကိုယ်ကျိုးမပါရှိဘဲ အရာရှိများမှ စေတနာဖြင့် လုပ်ဆောင်ပေးခြင်း၊ အများပြည်သူအား တန်ဖိုးထားခြင်း၊ ခွန်အားတိုးမြင့်စေသည်ဟု ခံစားရခြင်း၊ တရားမျှတပြီး ကျင့်ဝတ်နှင့်ကိုက်ညီသော ရဲလုပ်ငန်းဆိုင်ရာနည်းလမ်းများ [30] အား ပံပိုးခြင်းတို့ ပါဝင်ပါသည်။

ထိုတွေ့ရှိချက်များမှ တရားမျှတသော ဆုံးဖြတ်ချက်ချခြင်းနှင့် ကောင်းမွန်သော အများပြည်သူနှင့် ထိတွေ့ဆက်ဆံမှုတို့သည် ၎င်းတို့ချည်းသာလျှင် အရေးကြီးသည်သာမက ရေရှည်တွင် ပြစ်မှုများ ကာကွယ်ရာတွင်လည်း အရေးပါပါသည်။

ထို့ကြောင့်လည်း တရားဝင်ဖြစ်ခြင်းနှင့် အများပြည်သူမှ ပူးပေါင်းဆောင်ရွက်မှုတို့သည် အောင်မြင်သော ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ကြိုးပမ်းမှုတစ်ခု၏ အရေးပါသော အစိတ်အပိုင်းများဖြစ်ပါသည်။ ဤစီမံကိန်းတွင် ပါဝင်သည့် မြို့နယ်များရှိ အများပြည်သူတို့သည် ၎င်းတို့၏ပတ်ဝန်းကျင်တွင် မည်သည့်ကိစ္စရပ်များနှင့် ပြဿနာရှိသည်များကို ကောင်းမွန်စွာသိရှိပြီး ထိုပြဿနာများနှင့် အန္တရာယ်အကြီးမားဆုံးဖြစ်ပေါ်စေသော သဘောသဘာဝများကို ရှာဖွေဖော်ထုတ်ရာတွင် ကူညီနိုင်သည့်အခြေအနေတွင် ရှိနေရန် လိုအပ်ပါသည်။ ၎င်းမှ အစိုးရပိုင်းဆိုင်ရာအဖွဲ့အစည်းများ [31] နှင့် ယုံကြည်မှုကို တည်ဆောက်နိုင်ပြီး ၎င်းမှတစ်ဆင့် ရဲတပ်ဖွဲ့ဆိုင်ရာ တုံ့ပြန်မှုများထက် ပိုမိုထိရောက်သော ပြဿနာများအပေါ် ဖြေရှင်းနည်းများအား အများပြည်သူမှ အဆိုပြုသည်သို့ ဦးတည်စေနိုင်ပြီး ၎င်းတို့ကိုအကောင်အထည်ဖော်နိုင်ရန်အတွက်လည်း ကူညီပေးနိုင်သည်။ [32]

## ၃.၅။ နိုင်ငံတော်အဖွဲ့အစည်းများနှင့် နိုင်ငံသားများအကြား အပြန်အလှန်ဆွေးနွေးခြင်း

UK နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများတွင် အများပြည်သူ၏ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အား အမေရိကန်ပြည်ထောင်စုတွင် လူထုအခြေပြု ထိန်းသိမ်းကြပ်မတ်ခြင်းဟု မကြာခဏခေါ်ဆိုပြီး UK နိုင်ငံတွင် ပတ်ဝန်းကျင်အခြေပြု ထိန်းသိမ်းကြပ်မတ်ခြင်း(သို့) နိုင်ငံသား အခြေပြု ထိန်းသိမ်းကြပ်မတ်ခြင်းဟု ခေါ်ဆိုသည့် ချဉ်းကပ်မှုတစ်ခုမှတစ်ဆင့် ဆောင်ရွက်ပါသည်။ ဤချဉ်းကပ်မှု၏ နောက်ကွယ်တွင်ရှိ အဓိက အခြေခံသဘောတရားမှာ အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံသားများအကြား ဒေသဆိုင်ရာပြဿနာများအား ရှာဖွေဖော်ထုတ်ရန်နှင့် ဖြေရှင်းနည်းများ ချမှတ်ဆောင်ရွက်နိုင်ရန် ထိတွေ့ဆွေးနွေးရာတွင် အဆင်ပြေချောမွေ့စေခြင်းပင်ဖြစ်ပါသည်။ ဤချဉ်းကပ်ပုံနည်းလမ်းအား မြို့ပြနေရာများတွင်ဖော်ဆောင်ရာတွင် မှုခင်းအား ကာကွယ်ရန်၊ လုံခြုံစိတ်ချသည်ဟု ခံစားရမှုများ တိုးမြင့်လာရန်နှင့် တရားဝင်ဖြစ်ခြင်း တိုးတက်လာစေခြင်း ဖြစ်ထွန်းလာနိုင်သည်ဟု အထောက်အထားရှိပါသည်။ သို့သော် ၎င်းတွင် ပါဝင်ပတ်သတ်သူများအားလုံးမှ အပြည့်အဝပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိမှုနှင့် စွမ်းဆောင်နိုင်ရည်တို့အပေါ် တွင် မူတည်နေပြီး အစိုးရအဖွဲ့အစည်းများသည်လည်း တုံ့ပြန်ခြင်းမပြုရန် လုံလောက်သည့် အကြောင်းပြချက်ရှိသည့်အခါများမှအပ နိုင်ငံသားများ၏ ကူညီပံ့ပိုးမှုများကို တုံ့ပြန်သွားမည်ဖြစ်ကြောင်း မှတ်ယူထားကြပါသည်။ [33] ရပ်ရွာလူထုနှင့် ထိတွေ့ဆောင်ရွက်မှုအား အကောင်အထည်ဖော်ခြင်းအတွက်

---

[30] Quinton, P., Myhill, A., Bradford, B., Fildes, A., and Porter, G. (2015) *Fair cop 2: Organisational justice, behaviour and ethical policing. An interpretative evidence commentary.* London. College of Policing

[31] Tuffin, R., Morris, J. and Poole, A. (2006) *An evaluation of the National Reassurance Policing Programme.* London: Home Office.

[32] Goldstein, H. (1990) *Problem-oriented policing. New York:* McGraw-Hill; Forrest, S., Myhill, A. and Tilley, N. (2005) *Practical lessons for involving the community in crime and disorder problem-solving.* London: Home Office.

[33] Myhill, A (2012) *Community engagement in policing, Lessons from the literature.* London: National Policing

အရေးကြီးသည့် အောင်မြင်သော အခြေခံအကြောင်းအရင်းများ၏ အကျဉ်းချုပ်ကို နောက်ဆက်တွဲ(ခ)တွင် တွေ့ရှိနိုင်ပါသည်။

## ၃.၆။ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အေဂျင်စီပေါင်းစုံပူးပေါင်းဆောင်ရွက်မှု

မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်မှုများသည် အေဂျင်စီတစ်ခုတည်းမှ ရှုပ်ထွေးသော ရပ်ရွာ လူထုလုံခြုံမှုနှင့် မှုခင်းဆိုင်ရာ ပြဿနာများအား ကိုင်တွယ်နိုင်စွမ်း (သို့) ကိုင်တွယ်ခြင်းတို့ မလုပ်ဆောင်နိုင်ဟူသော ယူဆချက်အပေါ်တွင် အဓိက တည်ဆောက်ထားပါသည်။ မိတ်ဖက်ပူးပေါင်းသည့်လုပ်ငန်းအား တူညီသော ရည်မှန်းချက်ပန်းတိုင်တစ်ခုအား အောင်မြင်စေရန်အတွက် အဖွဲ့အစည်း ၂ ခု (သို့) ၂ ခုထက်ပိုသော အဖွဲ့အစည်းများကြားတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်ဆံရေးတစ်ခုဟု ဖော်ပြနိုင်ပါသည်။ ၎င်းသည် မြို့ပြလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များတွင် အေဂျင်စီများအကြားနှင့် ကျွမ်းကျင်မှုဆိုင်ရာ မူဝါဒ တွေ့ဆုံဆွေးနွေးမှုများနှင့် အလေ့အထများအား အားကောင်းစေရန်ဆောင်ရွက်ပြီး မြို့ပြလုံခြုံရေးစီမံကိန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိသည်။

မြို့ပြလုံခြုံမှုဆိုင်ရာကြိုးပမ်းမှုများသည် ကာလရှည်အောင်မြင်ရေးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။ ၎င်းအား UN-Habitat စီမံကိန်းမှ ဖွင့်ဆိုထားသည့်အတိုင်း မြို့ပြဧရိယာများတွင် မှုခင်းများအား လျှော့ချခြင်းသည် လူတိုင်း၏ တာဝန်ဖြစ်သည်ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဆိုလိုရင်းမှာ အောင်မြင်မှု ရရှိခြင်းသည် အကြမ်းဖက်မှု၊ ရာဇဝတ်မှုနှင့် ဘေးကင်းလုံခြုံမှုမရှိခြင်းတို့ ပပျောက်စေရန် ရည်ရွယ်သည့် နည်းဗျူဟာများနှင့် လုပ်ငန်းဆောင်တာများလုပ်ဆောင်ရာတွင် ဒေသဆိုင်ရာအစိုးရများနှင့် အခြားသောကဏ္ဍပေါင်းစုံမှ ပါဝင်သူများအကြား မိတ်ဖက်ဆက်ဆံရေးများအပေါ်တွင် တည်မှီသည်။ မှုခင်းများနှင့် ဘေးကင်းလုံခြုံမှုမရှိခြင်းအား ကိုင်တွယ်ဆောင်ရွက်ခြင်းသည် ကောင်းမွန်သော မြို့ပြအုပ်ချုပ်မှု၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကောင်းမွန်သော မြို့ပြအုပ်ချုပ်မှုသည် လစ်လျူရှုခံထားရသူများနှင့် ဆင်းရဲမွဲတေသူများအပါအဝင် အားလုံးသော နိုင်ငံသားများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် ပါဝင်စေခြင်းတို့ဖြင့် နိုင်ငံသားဖြစ်မှုနှင့် အားလုံးပါဝင်မှုကို တန်ဖိုးထားသည်။ [34]

မိတ်ဖက်ပူးပေါင်းလုပ်ဆောင်ခြင်း၏ ထိရောက်မှုအား နိုင်ငံတကာဆန်းစစ်အကဲဖြတ်ချက်တစ်ခုမှ ၎င်းသည် ပြစ်မှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်သည်ဟု ယူဆပါသည်။ [35]

၎င်းသုတေသနစာတမ်းတွင် သုတေသနပြုစုသူများမှ ရာဇဝတ်မှုအပေါ်ထောက်ရှုသည့် ပဏာမခြေလှမ်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဖြစ်မြောက်နိုင်သည်များနှင့်ပတ်သက်သည့် ဆန်းစစ်အကဲဖြတ်ချက်များကို ဖော်ပြထားပါသည်။ မိတ်ဖက်ပူးပေါင်းလုပ်ဆောင်ခြင်းကို ထိရောက်စေသည့် ဘုံအကြောင်းရင်းများကိုလည်း တင်ပြထားပါသည်။ အချုပ်အားဖြင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် အောက်ပါအခြေအနေများတို့တွင် ပိုမိုပြီး ထိရောက်နိုင်ပါသည်။

- ပြစ်မှတ်ထားရမည့်ပြဿနာပေါ်တွင် ရှင်းလင်းသည့် အာရုံစိုက်မှုရှိခြင်း၊ ထိုပြဿနာများကို ဖြေရှင်းရန်အတွက် လုပ်ငန်းဆောင်ရွက်မှုများ ချမှတ်ခြင်း။
- တူညီသော တန်ဖိုးထားမှုများ/ စံနှုန်းများရှိခြင်း။
- မိတ်ဖက်လုပ်ဆောင်မှုများ (အဓိက စီမံခန့်ခွဲမှုအုပ်စုများအပါအဝင်) တွင် တိတိကျကျ သတ်မှတ်ထားသော

Improvement Agency. November 2012 (first published 2006).

[34] https://unhabitat.org/urban-themes/safety/

[35] Berry G., Briggs P., Erol R., and van Staden L. (2011). *The effectiveness of partnership working in a crime and disorder context. A rapid evidence assessment.* Research report 52. London: Home Office

အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများပြဌာန်းထားသော ရှင်းလင်းသည့် ဖွဲ့စည်းပုံနှင့်အတူ တောင့်တင်းခိုင်မာသော ခေါင်းဆောင်မှုရှိခြင်း။

- ၎င်းတို့အကြားတွင် မိတ်ဖက်ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ပတ်သတ်သော ယခင်အတွေ့အကြုံရှိသူများ ပါဝင်ခြင်း။
- မိတ်ဖက်အဖွဲ့အစည်းများအကြား ပုံမှန်ဆက်သွယ်ရေးအား အဆင်ပြေချောမွေ့စေရန်အတွက် ၎င်းတို့၏ အလုပ်အဖွဲ့များအား ပူးတွဲတာဝန်ပေးခြင်း။
- ပြဿနာဖြေရှင်းခြင်းအား ပံ့ပိုးရန် အထောက်အထားများမှဦးဆောင်ပြီး၊ အချက်အလက်ဖြင့် မောင်းနှင်သည့် နည်းလမ်းတစ်ရပ်အား ထူထောင်ထားရှိခြင်း နှင့်
- ပြုလွယ်ပြင်လွယ်သောချဉ်းကပ်မှုအား ချမှတ်ကျင့်သုံးပြီး တင်းကြပ်သည့် ဗျူရိုကရေစီဆိုင်ရာ ဖွဲ့စည်းပုံများဖြင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအား ဝန်ထုတ်ဝန်ပိုးဖြစ်စေမှုအား ရှောင်ရှားခြင်း။ [36]

အမေရိကန်ပြည်ထောင်စုရှိ မှုခင်းကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ၏ ပြန်လည်သုံးသပ်ချက်တစ်ခုမှလည်း မှုခင်းကာကွယ်ရေးများအပေါ်တွင် သက်ရောက်မှုအပေါ် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ဆောင်မှု၏ အပိုဆောင်းအကျိုးကျေးဇူး အများအပြားကိုလည်း ဖော်ထုတ်ခဲ့ပြီး ၎င်းတို့သည် မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေတွင် အထူးသဖြင့် အဓိကကျပါသည်။ ထိုအလုပ်မှ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း အလုပ်များသည် ထိရောက်စွာလုပ်ဆောင်နိုင်လျှင် ၎င်းတို့သည် အောက်ပါတို့အား လုပ်ဆောင်နိုင်သည်ဟု ယူဆပါသည်။ အဖွဲ့အစည်းများ၏ တာဝန်ယူမှုအား တိုးမြှင့်စေခြင်း၊ ဝန်ဆောင်မှုများ၏ ထပ်မံလုပ်ဆောင်ခြင်းနှင့် တစ်စိတ်တစ်ပိုင်းစီဖြစ်နေခြင်းတို့အား လျှော့ချစေခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ချိတ်ဆက်မှုများကို တည်ဆောက်ခြင်း၊ မှုခင်းကာကွယ်ရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် အများပြည်သူ၏ အသိပညာနှင့် ပါဝင်ဆောင်ရွက်မှုများ တိုးမြင့်လာခြင်း၊ ဒေသခံ ရပ်ရွာလူထုအဖွဲ့အစည်းများအား အားကောင်းစေခြင်းနှင့် အေဂျင်စီများမှ ၎င်းတို့၏လုပ်ငန်းများ လုပ်ဆောင်သည့်ပုံစံများအား ထာဝရပြောင်းလဲစေခြင်း (ဥပမာ - အချက်အလက်များအပေါ် အခြေခံသော ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ကာကွယ်ခြင်းတို့အပေါ် အလေးထားမှု) [37]

---

[36] *ibid*

[37] Rosenbaum, D.P. (2002) '*Evaluating multi-agency anti-crime partnerships: theory, design, and measurement issues', Crime Prevention Studies.* Vol 14. UK: Willan Publishing.

## ၄။ နိဂုံး

ဤနောက်ခံအချက်အလက်ဆိုင်ရာ စာတမ်းမှ Asia foundation ၏ မြို့နယ်အဆင့်တွင် မြို့ပြဧရိယာများရှိ ပြစ်မှုကာကွယ်ရေးအပေါ် တွင် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ချဉ်းကပ်မှုတစ်ခုအား အသုံးပြုရန်အတွက် ရည်ရွယ်ချက်ကို အထောက်အပံ့ဖြစ်စေသည့် အထောက်အထားတစ်ခုအနေဖြင့် ပေးပါသည်။ အထူးသဖြင့်၊ ၎င်းမှ စီမံကိန်း၏ ပြောင်းလဲမှုသီအိုရီ၏ အစိတ်အပိုင်းဖြစ်သည့် အစိုးအရအဖွဲ့အစည်းများမှ ပြည်သူများအား ပြဿနာများအား ဖော်ထုတ်ခြင်းနှင့် ၎င်းအား ဖြေရှင်းခြင်းနှင့် လျော့ပါးစေခြင်းတို့တွင် အများပြည်သူများအား ပါဝင်စေခြင်းဖြင့် အများပြည်သူများ၏အမြင်တွင် အစိုးရအဖွဲ့အစည်းများအား တရားဝင်ဖြစ်ခြင်းကို ထူထောင်ပေးရာတွင် အကူအညီပေးခြင်း ဟူသော အဆိုအပေါ် တွင် သိသာထင်ရှားစေမှုအား အားကောင်းစေပါသည်။ [38] မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုတွင် လုပ်ဆောင်နေသော အစိုးရဌာနများ၊ NGO များနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် တိုးတက်သည့် တရားဝင်ဖြစ်ခြင်းဖြင့် မှုခင်းများလျော့ချစေမှုအပိုင်းများတွင် အကျိုးကျေးဇူးများအတွက်လည်း အထောက်အထားအနေဖြင့် ပေးပါသည်။ ထိုကဲ့သို့သော ချဉ်းကပ်မှုများသည် ပါဝင်ပတ်သတ်သည့် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် နည်းလမ်းအသစ်များအား လေ့လာသင်ယူရန်အတွက် ဆန္ဒရှိရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်ခေါင်းဆောင်များနှင့် ကြီးကြပ်သူများမှလည်း ၎င်းတို့၏ မြေပြင်ရှိဝန်ထမ်းများသည် ၎င်းတို့အား တရားမျှတစွာ ဆက်ဆံခံရလျှင်၊ ၎င်းတို့၏ အဖွဲ့အစည်းများအတွင်း လေးစားမှုခံရလျှင် ၎င်းတို့အနေဖြင့် အများပြည်သူများကိုလည်း တရားမျှတမှု၊ လေးစားမှုများဖြင့် ဆက်ဆံမည်ဖြစ်ပြီး တရားဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိစေလာမည်ကို သိရှိရန် လိုအပ်ပါသည်။

မြို့ပြနယ်ပယ်များရှိ ပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးမှုများ ထူထောင်ခြင်းသည် ဤစီမံကိန်း၏ သက်တမ်းအတွင်း ရပ်ရွာလူထုဆိုင်ရာ လုံခြုံမှုနှင့် လုံခြုံရေးများ တိုးတက်စေရေးတွင် အထိရောက်ဆုံး နည်းလမ်းသာဖြစ်သည်သာမက ၎င်းသည် ရပ်ရွာလူထုအား အနာဂတ်တွင် ဘေးအန္တရာယ်များမှ ၎င်းတို့ဘာသာ ကာကွယ်နိုင်ရန်အတွက် စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်းများ တည်ဆောက်ရန်အတွက် အကူအညီပေးရာတွင် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

[38] USP Master Inception Deliverables v20170214 Draft to FCO. Yangon: The Asia Foundation

# နောက်ဆက်တွဲ (က)

## ပြဿနာဖြေရှင်းခြင်း - သရုပ်ခွဲခြင်းဆိုင်ရာ နည်းလမ်းများ

မြန်မာနိုင်ငံရှိ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ကျိုးပမ်းအားထုတ်မှု၏ သရုပ်ခွဲခြင်းအဆင့်တွင် အသုံးပြုရန်အတွက် စဉ်းစားနိုင်သော သရုပ်ခွဲခြင်းဆိုင်ရာ နည်းလမ်းအချို့အား The College of Policing (အင်္ဂလန် နှင့် ဝေလပြည်နယ်) မှ ဖော်ပြထားပါသည် [39]။ ၎င်းတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြထားပါသည်။

- မှုခင်းများနှင့် မငြိမ်သက်မှုများဖြစ်ပွားရာ ပုံစံများ၏ သဘောသဘာဝနှင့် အတိုင်းအတာ၊ ဆက်စပ်နေသော မှုခင်းများ (သို့) ဖြစ်စဉ်များ၊ လုပ်ဆောင်မှုများ၏ အဓိကအရေးပါသော နေရာများ၊ ကျူးလွန်သူများနှင့် ကျူးလွန်သည့် အပြုအမူ၏ တူညီသောဝိသေသများတို့အား ဖော်ထုတ်သည့် မှုခင်းပုံသဏ္ဍာန်အား သရုပ်ခွဲခြင်း။

- သာမန် မှုခင်းနှင့် (သို့) ဖြစ်စဉ်များ၏ အဆင့်များထက် သိသာထင်ရှားစွာ မြင့်မားသည့် နေရာများအပေါ်တွင် အလေးထားသည့် အရေးပါသောနေရာများအား ဖော်ထုတ်ခြင်း။

- မှုခင်းနှင့် ဖြစ်စဉ်များ အသွားအလာအား ဖော်ထုတ်ခြင်း။

- ၎င်းတို့၏ မှုခင်းကျူးလွန်ပုံ ၎င်းတို့၏ သိသာထင်ရှားသော အပြုအမူ၊ သတင်းထောက်လှမ်းရေး (သို့) မှုခင်း သိပ္ပံဆိုင်ရာ အထောက်အထားများတို့ဖြင့် ဆက်စပ်မှုရှိနေသည့် ကျူးလွန်သူတစ်ဦးတည်းမှ ကျူးလွန်နိုင်ခြေ ရှိသော အလားတူပြစ်မှုများ (သို့) ဖြစ်စဉ်များတို့တွင် မှုခင်းနှင့် ဖြစ်စဉ်များ အစဉ်လိုက်အား ဖော်ထုတ်ခြင်း။

- ကျူးလွန်ခံရသူများ၏ ဝိသေသများ (သို့) ထူးခြားသည့် မှုခင်းကျူးလွန်သည့် အပြုအမူများကို ဖော်ပြနေသော ပြစ်မှုကျူးလွန်သူများ၏ တူညီသည့် ဝိသေသများကို စစ်ဆေးပြီး အထွေထွေ ပုံသဏ္ဍာန်အား သရုပ်ခွဲခြင်း။

- ပြစ်မှုနှင့် မငြိမ်သက်မှုများ၏ အဆင့်များနှင့် အမျိုးအစားများအပေါ် သက်ရောက်နိုင်ပြီး ဧရိယာတစ်ခုအတွင်း လူဦးရေအုပ်စုတစ်ခုအတွင်းရှိ လူဦးရေနှင့် လူမှုရေးပိုင်းဆိုင်ရာပြောင်းလဲမှုများ မည်သို့ပြောင်းလဲသည်ကို စစ်ဆေးသည့် လူဦးရေနှင့် လူမှုရေး အသွားအလာပုံစံအား သရုပ်ခွဲခြင်း။

- ရာဇဝတ်ကောင်အုပ်စုများ (သို့) အဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများ၏ သဘောသဘာဝနှင့် အရေးပါမှု များ၏ နားလည်မှုတို့ကို ပေးအပ်နိုင်သည့် ကွန်ရက်သရုပ်ခွဲခြင်း။

- ကုန်ပစ္စည်းတစ်ခု (သို့) ဝန်ဆောင်မှုတစ်ခုအပေါ် ရာဇဝတ်များ၏ ဈေးကွက်အားဖော်ထုတ်သည့် ဈေးကွက် အား သရုပ်ခွဲခြင်း။

- ရာဇဝတ်ကောင်များ၏ နည်းလမ်းများ မည်သို့အလုပ်လုပ်သည်ကို နားလည်မှုအား ဖော်ထုတ်နိုင်ရန်အတွက် အသုံးပြုသည့် ရာဇဝတ်လုပ်ငန်းများအား သရုပ်ခွဲခြင်း။

- ကျူးလွန်ခံရမည့် အလားအလာရှိသောသူများ အများပြည်သူနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အေဂျင်စီများ အပေါ်တွင် ပြစ်မှုကျူးလွန်သူတစ်ဦးချင်း၊ ရာဇဝတ်အုပ်စုများ (သို့) မှုခင်းအမျိုးအစားများမှ ဖြစ်ပေါ်စေသော အန္တရာယ်အလားအလာများ၏ အတိုင်းအတာများအား ဆန်းစစ်အကဲဖြတ်ခြင်းကို ပံ့ပိုးသည့် အန္တရာယ် အလားအလာများအား သရုပ်ခွဲခြင်း။

- ကျူးလွန်ခံရသူတစ်ဦးခြင်း၊ သက်သေ၊ သံသယရှိသူ (သို့) ပြစ်မှုကျူးလွန်သူများကို အသေးစိတ် သရုပ်ခွဲခြင်း အား လုပ်ဆောင်သည့် Subject analysis

[39] https://www.app.college.police.uk/app-content/intelligence-management/analysis/

- တားဆီးရေး (သို့) ကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်တစ်ခု၏ ထိရောက်မှုအား အကဲဖြတ်သုံးသပ်သည့် ရလဒ်များအား သရုပ်ခွဲခြင်း။

ထိုနည်းလမ်းများနှင့်ပတ်သတ်သော အသေးစိတ်အချက်အလက်များအား College of Policing (အင်္ဂလန် နှင့် ဝေလ်ပြည်နယ်) ဝက်ဘ်ဆိုဒ် [40] မှ ရရှိနိုင်ပါသည်။

# နောက်ဆက်တွဲ (ခ)

## အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံသားများအကြား တွေ့ဆုံဆွေးနွေးခြင်း - အရေးပါသော အောင်မြင်ခြင်းဆိုင်ရာ အကြောင်းအရင်းများ။

ဤစီမံကိန်းနှင့်ပတ်သတ်၍ လုပ်ဆောင်ခဲ့သော သုသေသနပြုမှုများမှ ရရှိသော သင်ခန်းစာများအား ပေါင်းစပ်ရန်နှင့် အကျဉ်းချုပ်ရန်အတွက် ကြိုးစားမှုများမှ တစ်ခုအနေဖြင့် Myhill (2012) မှ အောက်ပါအချက်အလက်များ အပါအဝင် အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံသားများအကြား အပြန်အလှန်ဆွေးနွေးမှုများအား အကောင်အထည် ဖော်ခြင်းအတွက် အရေးပါသော အောင်မြင်မှုဆိုင်ရာ အကြောင်အရင်း အများအပြားအား ဖော်ထုတ်ခဲ့ပါသည်။

- **အဖွဲ့အစည်းပိုင်းဆိုင်ရာ စိတ်ပိုင်းဖြတ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲခြင်း -** ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှု သည် ထိတွေ့ဆောင်ရွက်မှုမှ ပေးအပ်နိုင်သော အကျိုးကျေးဇူးများအား နားလည်နိုင်ခြင်းမှ ဝေးကွာနေသည်။

- **စံဖြစ်လာစေရန် ဆောင်ရွက်ခြင်း -** ၎င်းအား သီးခြားဌာနတစ်ခု (သို့) စီမံကိန်းတစ်ခု၏ တာဝန်ဆိုသည်ထက် အဓိကအလုပ်တစ်ခုအနေဖြင့် ရှုမြင်နိုင်ရန် လိုအပ်သည်။

- **ရပ်ရွာလူထုနှင့် အာဏာအား ခွဲဝေခြင်း -** ထိတွေ့မှုများသည် ရပ်ရွာလူထုနှင့် ဆောင်ရွက်သည်ထက် ရပ်ရွာ လူထုအပေါ်တွင် ဆောင်ရွက်သည်က ပိုမိုများပြားသည်။

- **လိုအပ်ချက်နှင့်အညီ စီမံခြင်းနှင့် ဒေသဆိုင်ရာ ပြုပြင်ပြောင်းလဲမှု -** ဒေသခံအရာရှိများသည် ပြုလွယ် ပြောင်းလွယ်မရှိသော သာမန်လုပ်ထုံးလုပ်နည်းစံနှုန်းများအားကိုင်ဆွဲထားသည်ထက် သီးခြားအခြေအနေများ တွင် မည်သို့ မည်ပုံ ထိတွေ့မှုများအား အောင်မြင်အောင်ဆောင်ရွက်ရမည်ကို လိမ္မာပါးနပ်စွာ လုပ်ဆောင်နိုင် ရန် လိုအပ်သည်။

- **စွမ်းဆောင်ရည်ဆိုင်ရာ စီမံခန့်ခွဲခြင်း -** ထိရောက်သော ထိတွေ့မှုဆိုင်ရာ အလုပ်များအား ပြန်လည်ချီးမြှင့်ရန် အတွက် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်းများ လိုအပ်သည်။

- **လေ့ကျင့်သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း -** ထိတွေ့ဆောင်ရွက်မှုများအား အောင်မြင် စေနိုင်ရန် ရဲတပ်ဖွဲ့နှင့် အများပြည်သူ နှစ်ဖက်စလုံးမှ ကျွမ်းကျင်မှုများကို မြှင့်တင်ရန် လိုအပ်သည်။

- **စိတ်ချယုံကြည်ခြင်းနှင့် ယုံကြည်အပ်နှံခြင်း -** ထိတွေ့ဆက်ဆံမှုများသည် 'clean site' များတွင် ဖြစ်ခဲပြီး အထူးသဖြင့် ရဲတပ်ဖွဲ့များမှအသိအမှတ်ပြု၍ လုပ်ငန်းထမ်းဆောင်ရာ လူနည်းစုတိုင်းရင်းသားများနေထိုင် သည့် ရပ်ရွာများတွင် ညှို့ဖျင်းသောဆက်ဆံရေးများ ဖြစ်လေ့ရှိခဲ့သည်။

- **ဆက်သွယ်ရေး -** မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖက်တည်းမှ ပြောဆိုခြင်းမဟုတ်ဘဲ အပြန်အလှန် ဆွေးနွေးမှုများ လိုအပ်သည်။

[40] *ibid*

- **မိတ်ဖက် ပူးပေါင်းလုပ်ဆောင်ခြင်း -** လူနေမှုအဆင့်အတန်း ပြဿနာများ [41] အား ကိုင်တွယ်ဖြေရှင်းရန် ရပ်ရွာအခြေပြု ထိန်းသိမ်းကြပ်မတ်ခြင်း စီမံချက်များအတွက် ရဲတပ်ဖွဲ့အနေဖြင့် မိမိတို့ကိုယ်တိုင်အပါအဝင် ၎င်းတို့၏ အစိုးရကဏ္ဍမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် လိုအပ်သည်။

[41] Myhill, A (2012) *Community engagement in policing, Lessons from the literature.* London: National Policing Improvement Agency. November 2012 (first published 2006).

The Asia Foundation
Improving Lives, Expanding Opportunities